



# နင်လားဟဲ့ ဂျပန်

● မီအိုက အိအိချော

အပိုင်း-၁၁

နင်လားဟဲ့ဂျပန် စာဖတ်ပရိတ်သတ်ကြီး အတွက် ဒီတစ်ခါတော့ ဂျပန်မှာ အလုပ်လျှောက်သည့်အခါ နှင့်အလုပ်ခွင်ထဲမှာ ကျွန်မတွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ပြန်လည်ဝေမျှပေးချင်ပါသည်။ ဂျပန်ရောက်ပြီး သိပ်မကြာ ကျွန်မ Townwork စာအုပ်ထဲမှာ အလုပ်တစ်ခုကို သွားတွေ့ပါသည်။ တစ်ဘက်မှာက လိမ္မော်သီးလေးများကို ပြထားသည်။ နောက်တစ်ဘက်မှာက လိမ္မော်သီးလေးများကို အိတ်ထဲ ထည့်ပြထားသည်။ ဒီလိုအိတ်ထဲထည့်ပေးရုံလေးပါပဲတဲ့။ တစ်နာရီ ယန်းတစ်ထောင်၊ အချိန်က ညနေ ၂ နာရီမှ ည ၁၁ နာရီအထိ။ အလုပ်ချိန် ၈ နာရီ။ နားချိန် တစ်နာရီ။ အိုကေ။ အဆင်ပြေသည်။

၁၂ နာရီလေးဆယ် ကျော်င်းဆင်းတာနှင့် အလုပ်ကိုတန်းသွား ည ၁၁ နာရီပြန်မည်။ ကြားထဲမှာအားနေသည့်အချိန်မရှိ။ အားလုံးကွက်တိပဲဆိုတော့ ကျွန်မ ဖုန်းလှမ်းဆက်လိုက်သည်။ အင်တာဗျူးမည့်နေ့ရက်၊ အချိန်ကို အားလုံး ချိန်းပြီးသွားတော့ အင်တာဗျူးသွားသည်။ ဖြစ်ချင်တော့ အင်တာဗျူးကညနေ ၅ နာရီ ။ အဲဒီနေ့က မိုးက ရွာနေသည်။ ကျွန်မနေသည့်နေရာ မိဂုအဲနှင့်က ရထားကို နှစ်ခါပြောင်းစီးပြီးနောက်ဆုံး မိုနိုရေး (မြန်မာအခေါ် ကောင်းကင်ရထား) နှင့် သွားမှရောက်သည့်နေရာ။ စုစုပေါင်း အချိန် တစ်နာရီနှင့် မိနစ်နှစ်ဆယ်ကြာသည်။ သည်အထိက ချောနေသည်။ ဘာမှမဖြစ်သေး။



လမ်းမှာလည်း ဘူတာရုံဝိုင်းမှာ ကိုယ်စီးမည့်ရထားနှင့်စကြဲန်နံပတ်များကို သေချာမေး၊ မမှားရအောင် သေချာကြည့်ပြီး စီးလာသည်ဆိုတော့ အေးဆေးပေါ့။ ဒီအထိက ပြဿနာမရှိ။ မိုနီရေးစီးတော့ ရေပြင်ကျယ်ကြီးတွေနှင့် ဝိုက်အမြင့်ကြီးတွေ၊ ကားလမ်းမကြီးတွေပေါ်ကနေ ဖြတ်ပြီးမောင်းနေလေတော့ ကိုယ်က အမြင့်ကြောက်သူဖြစ်၍ အသည်း တအေးအေး ဖြစ်ခဲ့ရသေးသည်။ သို့သော် အတွေ့အကြုံအသစ်မို့ ရင်သပ်ရှုမော ငေးရင်းမောရင်းနှင့် ဘူတာကို ရထားဆိုက်တော့ ပျော်ပျော်ရွှင်ရွှင်လေးပါပဲ။

ဘူတာကထွက်တော့မှ ပြဿနာက စပါသည်။ မိုးက ပိုသည်းလာသည်။ မိုးရွာနေတော့ အပြင်မှာ ပိုပြီးမှောင်လာသည်။ သည့်ထက်ပိုဆိုးတာက လူသူသိပ်မရှိဘဲ ဂိုဒေါင်လိုအဆောက်အဦးကြီးတွေက များနေသည်။ ဘုရား ဘုရား ငါဘယ်နေရာများရောက်လာပါလိမ့်ပေါ့။ သည်တော့ ဘေးမှ ခရီးသွားတစ်ယောက်ကို မေးကြည့်လိုက်တော့ နေရာလည်းမှန်သည်။ မြေပုံကိုလည်း ပြန်တည့်ပေးလိုက်သည်။ သည်အတိုင်းသာ သွားမလွဲဘူးဟူ၍။ သည်တော့ ကျွန်မမြေပုံလေးကို ကိုင်ပြီး လျှောက်သည်။ သည်လိုနှင့်ပထမဆုံး မြစ်ပြင်ကျယ်ကြီးကို ဖြတ်ဆောက်ထားသောတံတားကြီးတစ်စင်းကို ဖြတ်ရသည်။ တံတားပေါ်မှာ လေရော မိုးပါ အသားကုန်ချပါတော့သည်။ ငုံ့ကြည့်လိုက်တော့ ရေပြင်ကလည်း အကျယ်ကြီး။ တံတားပေါ်မှာကလည်း ကိုယ်တစ်ယောက်ထဲ။ မိုးကလည်း မှောင် လေကလည်း ကြမ်း။ ကျွန်မတစ်ကိုယ်လုံး ရွှဲရွှဲစို။ ဖြစ်ချင်တော့ မြေပုံကို ညွှန်းလိုက်သည့်သူက ဆန့်ကျင်ဘက်အရပ်ကို ပြပေးလိုက်မှန်း ကျွန်မမသိ။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ။ ကျွန်မသွားသည့်လမ်းမှာ လမ်းဘေးဝဲယာ သစ်ပင်ခြုံနွယ်နှင့် အုံ့ဆိုင်းညှို့မှိုင်းနေသောအပင်ကြီးများမှလွဲ၍ လူသူတစ်ယောက်မှမမြင်။ သွားပြီ။ အင်တာဗျူးမည့်နေရာကိုစာအုပ်ထဲမှာရေးထားတာက ဘူတာက ထွက်ပြီး လမ်းလျှောက်လျှင် ဆယ်မိနစ်တဲ့။ အခုနာရီဝက်ကျော်လို့ လေးဆယ့်ငါးမိနစ်ထဲ ရောက်လာသော်လည်း မတွေ့။ သည်တော့ အင်တာဗျူးမည့်ပုဂ္ဂိုလ်ထံ အခု ငါမျက်စိလည်ပြီးလမ်းပျောက်နေတယ်။ ငါ့အနားမှာ အပင်တွေ ခြုံတွေကလွဲပြီး ဘာမှမရှိ။ အခုက လေးနာရီလေးဆယ့်ငါးမိနစ်။ ငါးနာရီကတော့ ဘယ်နည်းနှင့်မှမရောက်နိုင်တော့။ လေးနာရီမှာ ငါရထားဘူတာက ဆင်းခဲ့ပေမယ့်လို့ ဆယ့်ငါးမိနစ်နှင့် ရောက်တယ်ဆိုတဲ့ အင်တာဗျူးလာရမယ့်နေ့ကို ရှာနေတာအခုလေးဆယ့်ငါးမိနစ်ရှိသွားပြီ။ ဘယ်လိုမှ မတွေ့ဟု သတင်းပို့သည်။ သည်တော့ အင်တာဗျူးမည့်သူက ရတယ် ငါစောင့်ပေးမယ်ဟုဆို၍ ကျွန်မ ဘယ်နားရောက်နေသည်လဲ အနီးဆုံးမှာ ရှိသည့်ဆိုင်းဘုတ်နှင့်အဆောက်အအုံကို ဖတ်ခိုင်းသည်။ ကျွန်မဖတ်ပြတော့ သူ ကျွန်မရောက်နေသည့်နေရာကို ရှာ၍တွေ့သွားသည်။ (အဲသည်နေရာက လူကို မီးသင်္ဂြိုလ်သည့် နေရာဖြစ်ပါသည်။) သည်တော့ ဘယ်အဆောက်အအုံကို တွေ့လျှင် ဘယ်ကိုချိုး၊ ပြီးလျှင်ညာချိုး၊ဘယ်ချိုး၊ တည့်တည့်နှင့် အင်တာဗျူးမည့်နေရာသို့ရောက်သွားသည်။ ရောက်သွားတော့ အင်တာဗျူးမည့်ပုဂ္ဂိုလ်က အဆောက်အအုံအောက်ထပ်သို့ပင် ဆင်းကြိုလိုက်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့်ပဲ မေးပါသည်။ ကျွန်မ ဘယ်မှာနေသလဲဆိုတာကို ဖုန်းထဲမှာ ပြောပြီးဖြစ်၍ သူက သိနှင့်ပြီးဖြစ်သောကြောင့် မေးပါသည်။ လမ်းမှာ ရထားတွေဘာတွေ မှားမစီးခဲ့ဘူးလားဟူ၍။ ရထားကတော့ ငါသေချာမေးပြီးမှစီးလာလို့ ဖြောင့်ဖြောင့်တန်းတန်းနှင့် ရောက်လာပါတယ်။ ဂျပန်ကို ရောက်တာ သုံးလလောက်ရှိတဲ့အတောအတွင်းမှာ ငါ့အတွက် အကြီးမားဆုံးအခက်အခဲက မြေပုံကြည့်ပြီး လမ်းလျှောက်တိုင်း လမ်းမှားတာပါပဲဟု ကျွန်မပြောတော့ သူခေါင်းတငြိမ့်ငြိမ့်နှင့်ပြုံးနေပါသည်။ ပြီးတာနှင့် အင်တာဗျူးမေးခွန်းတွေစမေးပါတော့သည်။ သူသိချင်တာတွေ





CamScanner

အားလုံးမေးပြီးသွားတော့ ကျွန်မ လုပ်ရမည့် အလုပ်တာဝန်များကို သူပြောသည်။ သူပြောနေချိန်မှာ ကျွန်မဦးနှောက်ထဲမှာ အားလုံးတွက်ချက်ပြီးသွားပြီဖြစ်ပါသည်။ သည်တော့ နောက်ဆုံး ကျွန်မကို ဘာမေးစရာရှိသေးလဲဟု မေးသည်။ ကျွန်မက မေးလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော်သူပြောပြသောလုပ်ငန်းတာဝန်များကိုကျွန်မ မလုပ်နိုင်စရာအကြောင်း လုံးဝမရှိသည့်အပြင် လစာနှင့်အလုပ်ချိန်ကလည်း ကျွန်မအတွက် ပြဿနာမရှိ။ အရင်တုန်းက လုပ်ခဲ့သလိုမျိုး Irrashaimase ဟုအော်၍ ဆူညံရှုပ်ထွေးနေသောအလယ်မှာ Service လုပ်ရသောအလုပ်မျိုးလည်းမဟုတ်။ ရာသီပေါ်အသီးအနှံတွေကိုအိပ်ထဲထည့်ပေးရုံလောက်ကတော့ မလုပ်လို့ရနိုင်စရာအကြောင်းမရှိ သည်တော့ နင်တို့ကုမ္ပဏီမှာ ဖြစ်နိုင်မယ်ဆိုရင် အချိန်အကြာကြီးလုပ်လုပ်သွားချင်ပါတယ်။ အဲဒါဖြစ်နိုင်မလားဟူ၍။ အဘယ်ကြောင့်ဆိုသော် ကျွန်မက အခု Language School ပြီးသွားလို့ကျောင်းလျှောက်မည်ဆိုလျှင် အခုလိုနေ့တပိုင်းလည်း ဖြစ်ချင်မှဖြစ်တော့မည်ဖြစ်သောကြောင့် တကယ်လို့များ အတန်းချိန်များသည့်ကျောင်းမှာတက်ရမည်ဆိုလျှင် သူတို့ဆီက အလုပ်ကို ထွက်မှာလား။ သူတို့ဆီမှာ အချိန်တိုတိုလေးပဲ အလုပ်လုပ်မှာလားဟူသည့်မေးခွန်းကို သူမေးခဲ့ချိန်မှာ ကျွန်မကပေ့ါပေ့ါပါးပါးလေးနှင့် အဲဒီအခါကျတော့ စနေတနင်္ဂနွေကျောင်းပိတ်ရက်တွေမှာ ငါပိုကြိုးစားပြီး အလုပ်ပေးပါမည်ဟုပဲ ဖြေခဲ့ပါသည်။ တကယ်တော့ သူ ဘာကိုစိုးရိမ်သလဲဆိုတာကို ကျွန်မ အဲဒီအချိန်ကတည်းက သဘောပေါက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုမေးခွန်းကို ကျွန်မ သီသီကြီးနှင့် မေးလိုက်ခြင်းပဲဖြစ်ပါသည်။ သည်တော့မဆိုင်းမတွပဲ သူက ဖြေပါသည်။ အဲဒါကတော့ အိစံအပေါ်မှာပဲ မူတည်ပါသည်ဟူ၍။ ကျွန်မလိုချင်သောအဖြေကဒါပဲဖြစ်ပါသည်။ စိတ်ချပါ ငါ့ဘက်က အစွမ်းကုန်ကြိုးစားပါ့မယ်ဟု ကျွန်မပြောလိုက်တော့ သူ့မျက်နှာမှာ ကျေနပ်သည့်အသွင်ကို မြင်လိုက်ရသည်။ သူက ထပ်မေးပါသည်။ ဘာကြောင့် သည်အလုပ်ကို လုပ်ချင်ရတာလဲဟူ၍။ ကျွန်မ ရယ်ရယ်မောမောနှင့် အသီးအနှံတွေမို့လို့ ဒီအလုပ်ကို စိတ်ဝင်စားတာပါ။ ဘာကြောင့်လဲဆိုတော့ ငါက အသီးအနှံကြိုက်တဲ့သူလေ။ ဂျပန်နိုင်ငံမှာ ငါတို့နိုင်ငံမှာမရှိတဲ့အသီးအနှံတွေ အများကြီးပဲ။ ဒါတင်မကသေးဘူး အသီးအနှံတွေကို ရေရှည်ခံအောင်ရော လှလှပပနှင့် ဝယ်ချင်စဖွယ်ဖြစ်အောင် ထုပ်ပိုးတဲ့နည်းစနစ်တွေကလည်း အရမ်းစိတ်ဝင်စားဖို့ကောင်းလိမ့်မယ်လို့ ထင်ပါတယ်။ ဒီမှာ အလုပ်လုပ်ခြင်းအားဖြင့် ဒါတွေကိုလည်း ပိုပြီးတော့ လေ့လာလို့ရမယ်လို့ ငါထင်လို့ပါ။ ကျွန်မစကားဆုံးတော့ သူပြုံးပါသည်။ အိုကေ ကောင်းပြီလေ။ အင်တာဗျူး ရဲ့ ဇက်ကိုတော့မနက်ဖြန်မှာအကြောင်းပြန်လိုက်ပါမယ်။ ဘယ်အချိန်လောက်အကြောင်းပြန်မယ်ဆိုရင်မင်းအတွက်အဆင်ပြေမလဲ။ မနက်ဆယ်နာရီမထိုးခင်ဆိုအိုကေပါတယ်ဟုပြောတော့ အင်တာဗျူးပြီးသွားပြီဆိုသည့်အကြောင်းသူ ပြောသည်။

ထို့နောက် အပြန်အတွက် လမ်းမမှားရလေအောင် လမ်းညွှန်မြေပုံကိုပါ တစ်ခါတည်းဆွဲပေးလိုက်ပါသည်။ နောက်တစ်နေ့မနက် ဆယ့်နာရီမထိုးခင် တစ်မိနစ်အလိုမှာ ကျွန်မအင်တာဗျူး

> ကိုယ် ဘာဖြစ်ချင်တာလဲဆိုတာကို
> ကိုယ့်ဘာသာကိုယ် ခိုင်ခိုင်မာမာ ချမှတ်
> ထားသည့် အနာဂတ် ရည်မှန်းချက်
> တစ်ခုလောက်တောင်မှ မရှိဘူးဆိုလျှင်
> ဂျပန်လူမျိုးများ အံ့သြမဆုံး
> ဖြစ်ကြပါလိမ့်မည်။



CamScanner



အောင်သည့်အကြောင်းနှင့် အလုပ်စဝင်ရမည့် နေ့ရက်အချိန်တွေကို အကြောင်းကြားသည့် ဖုန်းဝင်လာပါသည်။ အိုကေ။ ကျွန်မအတွက် အတွေ့အကြုံအသစ်တစ်ခုကို စတင်ရတော့မည်ဖြစ်သောကြောင့် စိတ်လှုပ်ရှားရင်း ပျော်ရွှင်နေခဲ့ရပါတော့သည်။ သည်နေရာမှာ အင်တာဗျူးနှင့်ပတ်သက်သည့်အကြောင်းလေးကို ကျွန်မနည်းနည်းပြောချင်ပါသည်။ ကျွန်မ၏အတွေ့အကြုံအရ ပြောရမည်ဆိုပါလျှင် ဂျပန်ကုမ္ပဏီများနှင့် အလုပ်လျှောက်သည့်အခါတွေမှာရော အများအားဖြင့်မေးတတ်သည့် မေးခွန်းကတော့ မိမိ၏အားသာချက်နှင့်အားနည်းချက်။ ကျောင်းလျှောက်သည့်အခါမှာလည်း ဖြေနိုင်အောင် ဆရာများက ထည့်ပြီး လေ့ကျင့်ပေးတတ်သည်။ နောက်တစ်ခုက အနာဂတ်ရည်မှန်းချက်။ အနာဂတ်မှာ မိမိ ဘာလုပ်ဖို့၊ ဘာဖြစ်ဖို့ရည်ရွယ်ထားပါသနည်း။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိလျှင် ရုတ်တရက် ဖြေဖို့နည်းနည်းခက်သည့်အထဲမှာ မိမိ၏အားနည်းချက်ပဲဖြစ်ပါသည်။ အားသာချက်ကို ပြောဖို့ရာ လွယ်ကူကောင်းလွယ်ကူမည်ဖြစ်သော်လည်း အားနည်းချက်ကို ပြောဖို့ရာမှာတော့ ပညာသားပါရမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ ကိုယ့်အားနည်းချက်ကြီးကို အမှန်အတိုင်းထုတ်ပြောဖို့ရန် မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့မြန်မာကျောင်းသားများမှာ အင်မတန်မှ ရိုးသားစွာဖြင့် အမှန်အတိုင်းပဲ ဖွင့်ပြောသင့်သည်ဟုထင်နေကြမှာစိုးသောကြောင့် ဖြစ်ပါသည်။ ထိုအားနည်းချက်သည်အလုပ်ခွင်ထဲမှာလူမှုပေါင်းသင်းဆက်ဆံရေးတွေမှာ ဆိုးဝါးသည့်ပြဿနာများကို ဖြစ်ပေါ်စေနိုင်လောက်သည့် အရင်းအမြစ်မျိုးလည်း မဖြစ်ရပါ။ ဆိုလိုသည်မှာ တစ်ခုခုလုပ်ပြီဆိုလျှင် အဲဒီတစ်ခုထဲကိုပဲ စိတ်ရောကိုယ်ပါ နှစ်ပြီး လုပ်တော့ တစ်ခါတခါမှာ ဘေးပတ်ဝန်းကျင်က အရာတွေကို သိပ်သတိမထားမိသလိုမျိုးဖြစ်ဖြစ်သွားတတ်တာ ငါ့ရဲ့အားနည်းချက်ပါဆိုတာလိုမျိုး။ လူတစ်ဖက်သားအပေါ် မှာသိပ်အားနာတတ်တယ်။ ဆိုတာမျိုးလေးတွေကို ကြိုတင်စဉ်းစားထားပြီး ပါးပါးနပ်နပ်လေးပြောတတ်ရပါမည်။

နောက်တစ်ခုက ကိုယ့်ဘဝ၏ အနာဂတ်ရည်မှန်းချက်။ ကိုယ် ဘာဖြစ်ချင်တာလဲဆိုတာကို ကိုယ့်ဘာသာကိုယ်နိုင်နိုင်မာမာ ချမှတ်ထားသည့် အနာဂတ် ရည်မှန်းချက်တစ်ခုလောက်တောင်မှ မရှိဘူးဆိုလျှင် ဂျပန်လူမျိုးများအံ့သြမဆုံးဖြစ်ကြပါလိမ့်မည်။ Ganbattekudasai ! (ကြိုးစားပါ။)

ဟု အမြဲလိုလိုပြောတတ်သည့်သူတို့၏စကား အတိုင်း အနာဂတ်ပန်းတိုင်တစ်ခုကို သေသေချာချာချမှတ်ပြီး မဆုတ်မနစ်သောဇွဲတို့နှင့်ကြိုးစားအားထုတ်နေမှုကို ဂျပန်လူမျိုးများ အင်မတန်မှနှစ်သက်ကြပါသည်။ အလုပ်ခွင်ထဲမှာ အခါခါမှားနေသည့်တိုင်စေ ကြိုးစားနေသူဆိုလျှင် သူတို့ခွင့်လွှတ်နားလည်ပေးတတ်ကြပါသည်။ နောက်တစ်ခုပြောလိုသည်ကတော့ ဂျပန်လူမျိုးများနှင့် အင်တာဗျူးသည့်အခါမှာသော်လည်းကောင်း၊ စကားပြောသည့်အခါမှာသော်လည်းကောင်း တတ်နိုင်သမျှ အရိုးသားဆုံးနှင့်အမှန်ကို ပြောတာအကောင်းဆုံးပဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လူကဲခတ်အင်မတန်တော်ကြ၍ မေးခွန်းများကိုလည်း ကျင်လည်စွာ မေးရင်း မသင်္ကာသည့်အချက်တစ်ခုခုကို တွေ့ပြီဆိုပါလျှင် လိုချင်သည့်အဖြေ ရောက်အောင်ဖော်ထုတ်ယူနိုင်တတ်ကြသောကြောင့်ပဲ ဖြစ်ပါသည်။ နောက်ထပ်အရေးကြီးသည့်တစ်ချက်ကတော့ သူတို့ဆီမှာရေရှည်အလုပ်လုပ်ပေးနိုင်မည့်ဝန်ထမ်းမျိုးကို သူတို့အဓိက ဦးစားပေးပြီး ရွေးချယ်တတ်ကြသောကြောင့် အင်တာဗျူးသည့်အခါမှာ ကိုယ့်ဘက်က အထူးသတိထားပေးရမည့်အချက်တစ်ချက်လည်း ဖြစ်ပါသည်။ နောက်တစ်ခုက ဂျပန်လူမျိုးများသည် အလွန်ကိုအသေးစိတ်ကျသော လူမျိုးများဖြစ်ပါသည်။

တစ်ခါက ကျွန်မတို့ကျောင်းမှ ဆရာတစ်ယောက်ပြောဖူးသည်ကို သတိရလိုက်မိပါသည်။ အဲဒီကျောင်းသားတစ်ယောက်ပေါ့ ငါ့အလုပ် မိတ်ဆက်ပေးချင်ပေမယ့် သိပ်အဆင်မပြေလောက်ဘူးထင်တယ်နော်။ ဘာဖြစ်လို့လဲဆိုတော့ ငါက သူ့ရဲ့နိုင်ငံခြားသားနေထိုင်ခွင့်ကတ်ပြားကို တောင်းတော့ ဘယ်ကနေ ထုတ်ပေးလဲသိလား။ ဘောင်းဘီအိတ်ထဲကနေ ဖြစ်သလို ထည့်ထားတာကို ထုတ်ပေးတယ်။ ဒီလောက်အရေးကြီးတဲ့ကတ်ကို သည်လိုထားစရာလား။ ကိုယ့်အတွက် သူများနိုင်ငံမှာနေတဲ့အခါ အရေးအကြီးဆုံးသည်ကတ်ကိုတောင် သည်လိုပစ်စလက်ခတ်ထားရင် အလုပ်ဘယ်လိုလုပ်မှာလဲ။ သွားပြီ ဘယ်လိုရှင်းပြပေးရမှန်းကိုမသိ။ အဲဒါဂျပန်လူမျိုးပဲ ဖြစ်ပါသည်။ ဒါတင်မကသေးပါ။ ကျွန်မမြန်မာနိုင်ငံမှာရှိတုန်းက ဖြစ်ပါသည်။ တစ်နေ့တော့ ကျွန်မနှင့်တစ်ရုံးထဲ အလုပ် အတူတူလုပ်နေသည့်ဂျပန်လူမျိုးတစ်ယောက်နှင့် အပြင်သွားစရာကိစ္စပေါ်လာပါသည်။ ဖြစ်ချင်တော့ကျွန်မအိတ်ထဲမှာလောလောလတ်လတ်ဝယ်ပြီးသား ကိတ်မုန့်တစ်လုံးက ရှိနေပါသည်။ သည်လိုနှင့်လျှပ်စစ်ပစ္စည်းဝယ်သည့်ဆိုင်တစ်ဆိုင်မှာ သူလိုချင်သည့်ပစ္စည်းကို ဆိုင်ဝန်ထမ်းက သွားယူနေချိန် ကျွန်မတို့နှစ်ယောက်ကလည်း ထိုင်စောင့်နေချိန်ဖြစ်ပါသည်။ သူက မေးပါသည်။ အိစံBreakfast စားခဲ့ပြီးပြီလားဟူ၍။ မစားခဲ့ရသေးဘူးဟု ဖြေလိုက်ချိန်မှာ အိတ်ထဲက ကိတ်မုန့်ကို သတိရလိုက်မိ၍ ဗိုက်ဆာပြီလားဟူသောအထင်နှင့်အယ် ငါ့ကိတ်မုန့်ဟုပြောပြီး အိတ်ထဲက ဆွဲထုတ်လိုက်ချိန်မှာ သူမျက်နှာအပျက်အပျက်နှင့် ကျွန်မကို တိုးတိုးလေးကပ်ပြီး ပြောပါသည်။ အိစံ နင်လူရှေ့မှာ၊ ပြီးတော့သူများဆိုင်ထဲမှာ မုန့်စားမလို့လားဟင်။ ဘယ်လောက် ဗိုက်ဆာဆာအဲလိုမျိုး မလုပ်ရဘူးနော်။

နင့်ကိုငါခင်မင်လို့ပြောပြတာပါ။ နင်ဂျပန်ကိုသွားမှာဆိုရင် ဒီလိုအသေးစိတ်လေးက အစသတိထားပါ။ သူများဆိုင်ထဲမှာ စားရင် ရိုင်းတယ်။ လမ်းလျှောက်ရင်းတို့၊ ကားတွေ ရထားတွေပေါ်မှာလည်း မစားပါနှင့်။ တစ်ခုခုစားနေရင်းနှင့်လည်း ဖုန်းပြောတာတို့။ စကားပြောတာတို့မျိုးကို မလုပ်ပါနှင့်။ Gamman Shitekudasai. (我慢してください・) (သည်းခံပြီးနေပါ)ဆိုပြီး ပြောပါသည်။ တကယ်တော့ ကျွန်မလည်း စားဖို့ ရည်ရွယ်ချက်မရှိပါ။ ဗိုက်ဆာသွားပြီလားဆိုသည့်စိတ်နှင့် ဆွဲထုတ်ယူလိုက်ခြင်းသာဖြစ်ပါသည်။ သူတို့မှာက သည်လိုအသေးစိတ်လေးကအစ လူတစ်ယောက်ကို

CS CamScanner

အကဲဖြတ်မှုလေးတွေရှိနေကြသည့်အတွက်ကျွန်မတို့အနေနှင့် ဘာကိုပဲ လုပ်လုပ် ပေါ့ပေါ့ဆဆ သဘောမထားဘဲနှင့်အလေးအနက်ထား၍သတိပြုသင့်သည်ဟု ထင်ပါသည်။ ထို့ကြောင့် အလုပ်ခွင်ထဲမှာပဲဖြစ်ဖြစ်၊ အပြင်မှာပဲဖြစ်ဖြစ် ကိုယ်ကိုင်တွယ်အသုံးချသည့်ပစ္စည်းလေးများကို သပ်ရပ်သန့်ရှင်းစွာနှင့် အသုံးပြုခြင်း၊ သုံးပြီးပစ္စည်းကို မမေ့မလျော့သူ့နေရာ သူပြန်ထားရအောင် အမြဲသတိရှိခြင်းတို့သည်လည်း လိုအပ်လှပါသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်ခွင်ထဲမှာဆိုပါလျှင် ဒီနေရာမှာထားသည့်ပစ္စည်းက သည်နေရာမှာ ရှိမနေဘူးဆိုလျှင် ရှာရတာလည်း အချိန်ကြာသလို အရေးတကြီးလိုအပ်ချိန်မျိုးမှာ သူ့နေရာမှာ သူရှိမနေဘူးဆိုလျှင် သူတို့အရမ်းကို စိတ်ဆိုးတတ်ကြသလို အလုပ်လုပ်ရသည်မှာလည်း နှောင့်နှေးသွားမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ သည်လိုနှင့်ကျွန်မတစ်ပတ်လောက်အကြာမှာ အလုပ်စပြီးဝင်ပါတော့သည်။ ပထမဆုံးအလုပ်စဝင်သည့်နေ့မှာ ယူနီဖောင်းထုတ်ပေးတော့ ကျွန်မ ယူနီဖောင်းနှင့်တခြားသူတွေတော်တော်များများနှင့် မတူတာကို သတိပြုမိလိုက်ပါသည်။ ကျွန်မက အနက်ရောင်ဖြစ်ပြီး ရင်ထိုးနေရာမျိုးမှာ ကုမ္ပဏီနာမည်ကိုအဝါရောင်လေးနှင့်စာလုံးထိုးပေးထားပါသည်။ တခြားသူတွေက အစိမ်းရောင်ဝတ်စုံဖြစ်ပါသည်။ တစ်ခါတရံ အစိမ်းရောင်တွေထဲမှာ အနက်ရောင်တွေ ကြိုကြားကြိုကြား တွေ့ရတတ်သော်လည်း အရေအတွက် အင်မတန်မှ နည်းပါးပါသည်။

အားလုံးက သူ့နေရာနှင့်သူအကန့်ခွဲ၍ လိမ္မော်သီး၊ ပန်းသီး စသည်တို့ကို အိတ်ထဲထည့်သူက ထည့်၊ ပါကင်ပိတ်သူက ပိတ်၊ ပုံးတွေထဲထည့်၍ ကွန်တိန်နာတွေထဲကို စက်တွေနှင့် သယ်ယူပို့နေသူကပို့နှင့် ခေါင်းမဖော်နိုင်အောင်အလုပ်ရှုပ်နေကြပါသည်။ သည်လိုနှင့် ကျွန်မကို တစ်နေရာသို့ ခေါ်သွားပြီးနေရာချပေးပါသည်၊ ပန်းသီးကိုအိတ်ထဲသို့ ထည့်ရသည့်အလုပ်။ ကျွန်မက စလုပ်ကာ စဖြစ်ပြီးမလုပ်တတ်သေးတော့ မေးပါသည်၊ သည်တော့ဘေးနားမှတစ်ယောက်ကကျွန်မယူနီဖောင်းကို ကြည့်ပြီး မျက်နှာက တစ်မျိုးဖြစ်သွားပါသည်၊ ဘာမှတော့ ပြန်မပြောပေမယ့် မလိုလားသည့်ဟန်က သိသာလွန်းလှသည်၊ သည်တော့အလုပ်နားသည့်အချိန်မှာ ကျွန်မနှင့်အတူ အလုပ်လုပ်ရန် တွဲပေးထားသည့်သူကို မေးကြည့်မိသည်၊ သည်တော့သူက ပြုံးပြီး ဖြေပါသည်၊ အီစ်က သူတို့နှင့်မတူဘူးလေ၊ သူတို့ကတခြားကုမ္ပဏီက လွှတ်ထားတဲ့ အငှားဝန်ထမ်းတွေ အီစ်တို့က ဒီကုမ္ပဏီကဝန်ထမ်း၊ ပြောရမယ်ဆိုရင် သူတို့ကို ဘာလုပ်ဘာလုပ်ဆိုပြီး ညွှန်ကြားရမယ့်သူတွေ၊ သူတို့က အချိန်ပိုင်းလာလုပ်ကြတာ၊ တချို့က ဒီကုမ္ပဏီရဲ့ဝန်ထမ်း ဖြစ်ချင်ကြပေမယ့် ဒီက ကြိုက်လို့ရွေးမှဖြစ်တာ၊

ရှေ့လဆက်ပါမည်၊

